# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 24, 2020 Volume 32, Number 18


| ၂၄.၆.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၇၀ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၀၀၀၀ |
| ဒေါ်လာဈေး | = ၁၃၉၂/- ကျပ် |
| CBM Rate | = ၁၃၉၁.၄ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၇၂.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၀၁.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၄၀.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၆.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၆၂.၈၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၆.၇၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၃၉၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၇၆ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၅.၄၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၅.၁၃၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## အခွန်ကင်းလွတ်ခွင့်ရ၍ ဆန်ကွဲအမှုန့် အကန့်အသတ်မရှိဝယ်ရန် ထိုင်းကုန်သည်များကမ်းလှမ်း



အခွန်ကင်းလွတ်ခွင့်ရရှိခြင်းကြောင့် ကုန်သည်များအတွက် တွက်ခြေကိုက်သည့် မြန်မာနိုင်ငံမှ ဆန်ကွဲအမှုန့်အား အကန့်အသတ်မရှိဝယ်ယူရန် ထိုင်းကုန်သည်များ ကမ်းလှမ်းလာကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနထံမှသိရသည်။ "ဆန်ကွဲအမှုန့်က ထိုင်းဘက်ကို လက်ရှိမှာလည်းပို့နေပါတယ်။ ဆန်ကွဲမှုန့်က ကုန်ချောဖြစ်သွားတဲ့အတွက် ဆန်ကွဲအစား ဆန်ကွဲမှုန့် ပို့နိုင်ဖို့အတွက်လည်း ခွင့်ပြုထားပါတယ်။ သူတို့ထိုင်းဘက်က ကမ်းလှမ်းလာတာရှိတယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က မြန်မာတိုင်းမ်သို့ပြောသည်။

လက်ရှိတွင်လည်း ပျမ်းမျှအားဖြင့် နှစ်ရက်ခြားလျှင် တန် ၁၀၀ ခန့် ထိုင်းဘက်သို့ တင်ပို့နေကြောင်း၊ မြဝတီစက်မှုဇုန်တွင် ဆန်အမှုန့်ကြိတ်စက်ရုံများရှိပြီး ဆန်နှင့်ဆန်ကွဲကိုအမှုန့်ကြိတ်ကာ ကုန်ချောအဖြစ် ထိုင်းနိုင်ငံသို့တင်ပို့ရောင်းချနေကြောင်း၊ နောက်ထပ်စက်ရုံများ တည်ဆောက်လာပါကလည်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ထောက်ခံပေးသွားမည်ဖြစ်ကြောင်း ဦးခင်မောင်လွင်က ပြောသည်။ "ဆန်ကွဲကိုထိုင်းကလည်း ဝယ်တယ်။ ဒါပေမယ့် အခွန်က ထိုင်းဘက်မှာ ၅၂ ရာခိုင်နှုန်းရှိတယ်။ အခွန်ပေးရတာများတယ်။ အခုဆန်ကွဲကို အမှုန့်ကြိတ်ပြီးတော့ပို့တယ်။ ဆန်မှုန့်ကြိတ်စက်ပါ မြဝတီဘက်မှာ လာထောင်ဖို့လိုက်နေတယ်။ ဆန်ကွဲကို အမှုန့်ကြိတ်တာပါ။ အမှုန့်ကြိတ်ပြီးပို့ရင် ထိုင်းဘက်မှာ အခွန်ကဇီးရိုး။ လုံးဝမပေးရဘူး။ မြဝတီမှာ ဆန်ကွဲကိုအမှုန့်ကြိတ်ပြီး ထိုင်းကိုပြန်ပို့မယ်။ လက်ရှိမှာ ဆန်ကွဲဈေးကနည်းနည်း မြင့်တက်နေပြီး သိပ်မကိုက်ဘူး။ ဆန်ကွဲအမှုန့်ကျတော့ကိုက်တယ်။ ထိုင်းကုန်သည်တွေနဲ့ တိုက်ရိုက်ချိတ်ပြီးပို့တာတွေရှိတယ်။ သူတို့ကဆန်ကွဲအမှုန့်ကြိတ်ပြီးသားဝယ်ရတာကို ပိုပြီးတော့စိတ်ဝင်စားကြတယ်။ တစ်ရက်ကို တန် (၁၀၀) ရရ (၂၀၀) ရရသူတို့ယူမယ်" ဟု ဆန်ကုန်သည် တစ်ဦးဖြစ်သူ Klohtoo Wah cod.Ltd ဒါရိုက်တာ ဦးအောင်မြင့်ဦးကပြောသည်။

အဆိုပါဆန်ကွဲနှင့် ဆန်ကွဲအမှုန့်တို့ကို တိရစ္ဆာန်စာအဖြစ်အသုံးပြုခြင်းဖြစ်ပြီး ယင်းဆန်ကွဲအမှုန့်မှာ မြန်မာ-ထိုင်း နှစ်နိုင်ငံလုံးတွင် အခွန်ကင်းလွတ်ခွင့်ရထားသည့်

အတွက် ထိုင်းကုန်သည်များက ဆန်ကွဲအမှုန့်ဝယ်ယူရန် စိတ်ဝင်စားကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ မြဝတီမြို့ထဲတွင် အမှုန့်ကြိတ်စက်ရုံ တည်ဆောက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်းလည်း ဒါရိုက်တာဦးအောင်မြင့်ဦးကပြောသည်။ "မြို့ထဲမှာစက်ရုံထားပြီးတော့ အစိုးရကိုအခွန်ဆောင်ဖို့အတွက် အစိုးရနဲ့ညှိနှိုင်းသွားမယ်။ ဆန်ကွဲပို့တာထက် အမှုန့်ကြိတ်ပြီးပို့တာက ပိုတွက်ခြေကိုက်တယ်။ ထိုင်းကုန်သည်တွေအနေနဲ့လည်း သူတို့နိုင်ငံမှာ အမှုန့်ကအခွန်မပေးရတဲ့အတွက် တွက်ခြေပိုကိုက်တယ်။ ဆန်ကွဲဆိုရင် သူတို့မှာအခွန်ဈေးကြီးတဲ့အတွက်မကိုက်ဘူး။ အဲဒီအတွက်အမှုန့်ဘက်ကိုလှည့်လာတယ်။ အကန့်အသတ်မရှိ ဝယ်ယူဖို့ကမ်းလှမ်းလာတယ်။ သူတို့ကိုယ်တိုင်လည်း စက်ရုံလာဆောက်ဖို့ရှိတယ်။ သူတို့နိုင်ငံမှာ အခွန်သက်သာအောင် မြန်မာဘက်အခြမ်းမှာကတည်းက အမှုန့်ကြိတ်သွားမှာပါ။ နေရာအတွက်အခက်အခဲရှိနေတယ်။ မြဝတီမြို့ထဲမှာ စက်ရုံထောင်ဖို့စီစဉ်နေတယ်။ အစိုးရကမြို့ထဲမှာဆိုရင်လိုင်စင်မပေးဘူး။ အဲဒါကိုညှိနေတယ်" ဟု ၎င်းကပြောသည်။

**Source:** https://myanmar.mmtimes.com/news/140596.html

## COVID-19 ကာလတွင် မရှိမဖြစ်သည့် စားသောက်ဆိုင်နှင့် ဆေးဝါးဆိုင်များသာ စီးပွားရေးလည်ပတ်မှုရှိခဲ့ပြီး အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းဆိုင်များ ဝယ်လိုအားဆက်တိုက်ကျဆင်းကာ ယခင်နှစ်ထက် ရာခိုင်နှုန်း ၈၀ အထိကျဆင်းဟုဆို



COVID-19 ကာလတွင် မရှိမဖြစ်ရောင်းချရသည့် စားသောက်ကုန်ဆိုင်များ၊ ဆေးဝါးများရောင်းချသည့်ဆိုင်များသာ စီးပွားရေးလည်ပတ်မှုရှိခဲ့ပြီး အဝတ်အထည်နှင့်လူသုံးကုန်ပစ္စည်းများရောင်းချသည့်ဆိုင်များတွင် ဝယ်လိုအားဆက်တိုက်ကျဆင်းကာ ယခင်နှစ်ထက် ရာခိုင်နှုန်း ၈၀ အထိ ရောင်းအားကျဆင်းနေကြောင်း City Mart မှ Managing Director ဖြစ်သူ ဒေါ်ဝင်းဝင်းတင့်က ဇွန် ၂၃ ရက်ကပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ် အောင်ဆန်းစုကြည်နှင့် COVID-19 နှင့် ကုန်သွယ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ပြည်တွင်းကုန်သွယ်မှု Supply Chain တွင် ပါဝင်ဆောင်ရွက်နေသော City Mart မှ Managing Director ဖြစ်သူ ဒေါ်ဝင်းဝင်းတင့်၊ သဘာဝမန်ကျည်း၊ ဇီးဖျော်ရည်၊ ပဲကြော်နှင့်ပုန်းရည်ကြီး ထုတ်လုပ်ဖြန့်ဖြူးနေသည့် SME လုပ်ငန်းရှင် ဒေါ်သက်စုဌေးတို့၏ အပြန်အလှန်ဆွေးနွေးခြင်းအစီအစဉ်တွင် ဒေါ်ဝင်းဝင်းတင့်က ယင်းကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

လက်လီလက်ကား အရောင်းဆိုင်နှင့် လုပ်ငန်းများသည် ပြည်တွင်းကုန်စည် စီးဆင်းမှုသာမက ပြည်ပကုန်သွယ်မှု အတွက်ပါ အရေးပါသည့်ကဏ္ဍဖြစ်သည်။ တစ်နိုင်ငံလုံးတွင် လက်လီဆိုင်ပေါင်း သုံးသိန်းကျော်လေးသိန်းခန့်ရှိနေပြီး မိရိုးဖလာပုံစံမျိုးဖြင့် အများစုကလုပ်ကိုင်နေကြကြောင်း၊ ယင်းသုံးသိန်းကျော်လေးသိန်းက ဈေးကွက်ဝေစုအားဖြင့် ရာခိုင်နှုန်း ၉၀ ကျော်ရှိနေကြောင်းသိရသည်။ နောက်ပိုင်းတွင်မူ ဆယ်စုနှစ်နှစ်စုအတွင်း လူနေမှုပုံစံပြောင်းလဲလာပြီး Super Market များ၊ Shopping Center များ၊ Convenience Store များမှလည်း ဈေးကွက်ဝေစုရလာသည်ကိုတွေ့ရကြောင်း၊ လတ်တလောတွင် Super Market များ၊ Convenience Store များ ၁၀ ရာခိုင်နှုန်းခန့် ဈေးကွက်ဝေစုရယူထားကြောင်း City Mart မှ Managing Director ဖြစ်သူ ဒေါ်ဝင်းဝင်းတင့်ကဆိုသည်။

COVID-19 စတင်ဖြစ်ပွားချိန်နှင့် သင်္ကြန်မတိုင်ခင် ကုန်ပစ္စည်းပုံမှန်ဝယ်ယူစုဆောင်းမှုများကြောင့် ပုံမှန်ထက်ဝယ်လိုအားများခဲ့ကြောင်းသိရသည်။ “သင်္ကြန်မတိုင်ခင်မှာ ပုံမှန်ကုန်ပစ္စည်းဝယ်ယူစုဆောင်းတဲ့အချိန်နဲ့ တိုက်ဆိုင်သွားလို့လည်း စိုးရိမ်မှုတွေပိုများခဲ့ပါတယ်။ ဒါပေမဲ့သင်္ကြန်နောက်ပိုင်းမှာ ဝယ်ယူမှုအနေအထားက ပုံမှန်အနေအထားကို တဖြည်းဖြည်းနဲ့ပြန်ပြီးရောက်လာပါတယ်။ မေနဲ့ဇွန်မှာ ဝယ်လိုအားကပုံမှန်ထက် တဖြည်းဖြည်းနဲ့ကျဆင်းလာပြီး ကျွန်မတို့ရဲ့ အရောင်းဆိုင်တွေမှာ ယခင်နှစ်ထက်စာရင် ၂၀ ရာခိုင်နှုန်းခန့် ကျဆင်းလာတာ တွေ့လာရပါတယ်” ဟု ဒေါ်ဝင်းဝင်းတင့်က ပြောကြားသည်။

ထို့ပြင် နယ်မြေအကန့်အသတ်များ၊ ညမထွက်ရအမိန့်များကြောင့် Supply Chain ပြတ်တောက်မှုဖြစ်ပွားခဲ့ကြောင်း၊ သင်္ကြန်နောက်ပိုင်းဖြစ်သည့် ဧပြီလကုန်မှသာ ပုံမှန်ပြန်ဖြစ်ခဲ့ကြောင်းသိရသည်။

ရောဂါပိုး စတွေ့ရှိချိန်ကစပြီး တိုင်းနှင့်ပြည်နယ်များရှိ အစိုးရများက ရောဂါပြန့်ပွားမှုကို ထိန်းသိမ်းနိုင်ရန်အတွက် ဈေးများတွင် မရှိမဖြစ်လိုအပ်သည့် စားသောက်ကုန်များ၊ ဆေးဝါးများရောင်းချသည့်ဆိုင်များ၊ ဈေးများကိုသာ ဖွင့်လှစ်ခွင့်ပေးပြီး ကျန်ပစ္စည်းရောင်းချသည့်ဆိုင်ခန်းများကို ပိတ်ထားစေခဲ့ကြောင်းသိရသည်။ “COVID–19 ကာလမှာ ပြည်တွင်း ကုန်သွယ်မှုမှာဆိုရင် မရှိမဖြစ်ရောင်းချတဲ့ စားသောက်ကုန်နဲ့ဆေးဝါးတွေအနေနဲ့က စီးပွားရေးလည်ပတ်မှုတစ်ခုရှိနေပေမယ့် အဓိကအထိခိုက်ဆုံးဖြစ်သွားတဲ့အနေအထားက အဝတ်အထည်တွေ၊ လက်ဝတ်ရတနာတွေ၊ လူသုံးကုန်ပစ္စည်းရောင်းချတဲ့ ဆိုင်ခန်းတွေကတော့ တော်တော်လေးအထိနာတဲ့ အနေအထားမှာရှိနေပါတယ်။ အခုထက်ထိ အပြင်တွေပြန်ပြီး ထွက်လို့ရလာပေမယ့်လည်း ဝယ်လိုအားဆက်ပြီးကျဆင်းနေတဲ့အတွက် အစားအသောက်မဟုတ်တဲ့ ရောင်းချတဲ့လက်လီဆိုင်တွေက အများကြီးအခက်အခဲတွေဖြစ်ရပါတယ်။ လွန်ခဲ့တဲ့နှစ်ထက် ၈၀ ရာခိုင်နှုန်းအထိ ရောင်းအားကျဆင်းနေတာကို ကျွန်မတို့ ဆန်းစစ်တွေ့ရပါတယ်” ဟု ဒေါ်ဝင်းဝင်းတင့်က ပြောကြားခဲ့သည်။

**Source:** https://news-eleven.com/article/179725

## ငါး၊ ပုစွန်မွေးမြူရေးကန်များကို ဒဏ်ကြေးသတ်မှတ်ပြီး တရားဝင်ခွင့်ပြုမိန့်ထုတ်ပေးမည်



လယ်ယာမြေကို အခြားနည်းလမ်းအသုံးပြုခွင့်မရရှိမီ ငါး၊ ပုစွန်မွေးမြူရေးကန်များ ဆောင်ရွက်ထားမှုကို တစ်ဧကလျှင် ဒဏ်ကြေးကျပ်နှစ်သောင်းမှ သုံးသောင်းအကြား သတ်မှတ်ပြီး တရားဝင်ခွင့်ပြုမိန့်ထုတ်ပေးရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ဇွန်လ ၁၉ ရက်တွင် အတည်ပြုခဲ့သည်။ ငါး၊ ပုစွန် မွေးမြူရေးကန် ဧကသုံးသိန်း ရှစ်သောင်းအတွက် တရားဝင်လုပ်ပိုင်ခွင့်ရရှိမည်ဖြစ်သည်။ လက်ရှိ ငါး၊ ပုစွန်မွေးမြူရေးကန် ဧကငါးသိန်းကျော်တွင် လယ်ယာမြေ အခြားနည်းလမ်းသုံးစွဲခွင့် (လန–၃၉) ကို ဧက တစ်သိန်း နှစ်သောင်းခန့်သာရရှိထားသည်။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးကို အဓိကဦးစားပေးထားခြင်းကြောင့် လယ်ယာမြေများကို ငါး၊ ပုစွန် မွေးမြူရေး လုပ်ငန်းအတွက် ခွင့်ပြုရေးက အခက်အခဲများရှိခဲ့သည်။

လန–၃၉ ရရှိခဲ့သည့် ငါး၊ ပုစွန်ကန်များက စစ်အစိုးရလက်ထက် ရေနက်ကွင်းစီမံကိန်းနှင့် ဆက်စပ်ပြီး ရရှိခဲ့ခြင်းဖြစ်သည်။ ကျန်ရှိသော ငါး၊ ပုစွန် မွေးမြူရေးကန်များအတွက် လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်ကို ယခင်အစိုးရလက်ထက်မှစတင်ပြီး တရားဝင်ခွင့်ပြုချက်ရရှိရန် မွေးမြူရေးလုပ်ငန်းရှင်များက ကြိုးစားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုချက် မရရှိခဲ့ပေ။ လက်ရှိအစိုးရလက်ထက်တွင်လည်း ထပ်မံတောင်းဆိုရာ COVID ကာလအတွင်း ရိက္ခာထုတ်လုပ်ရေးလုပ်ငန်းဖြစ်သောကြောင့် ဒဏ်ကြေးသတ်မှတ်ပြီး တရားဝင်လုပ်ကိုင်ခွင့်ကို ဖြေလျှော့ပေးခြင်းဖြစ်နိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့က ပြောသည်။ “အစိုးရရဲ့ဆောင်ရွက်ပေးမှုက ရေလုပ်ငန်းကဏ္ဍအတွက်တွန်းအားတစ်ခုပဲ”ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။ ရေလုပ်ငန်းကဏ္ဍတွင် အစိုးရ၏ မူဝါဒအပြောင်းအလဲတစ်ခုဖြစ်သည်ဟု ၎င်းကဆိုသည်။

ဧကနှစ်သိန်းခွဲစီရှိနေသော ငါး၊ ပုစွန်မွေးမြူရေးကန်လုပ်ငန်းရှင်များအတွက် တရားဝင်မြေယာအသုံးချခွင့်က လိုအပ်သော ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပတင်ပို့မှုအတွက် အထောက်အကူပြုသည်ဟု ဦးဝင်းကြိုင်ကပြောသည်။ မွေးမြူရေးလုပ်ငန်းရှင်များသည် ငါး၊ ပုစွန်ကန်များကို ဘဏ်များတွင်အပေါင်ထား ငွေချေးယူပြီး လုပ်ငန်းများ ထပ်မံချဲ့ထွင်နိုင်ကာ နိုင်ငံတကာဈေးကွက်မှ လိုအပ်သော ရေထွက်ကုန်များမွေးမြူထုတ်လုပ်ရန် အခွင့်အလမ်းကောင်းတစ်ခုဖြစ်သည်ဟု ၎င်းကပြောသည်။ အစိုးရ၏ ရေထွက်ကုန်မွေးမြူရေးကဏ္ဍတွင် မြေယာမူဝါဒအပြောင်းအလဲက မြန်မာနိုင်ငံမှရေထွက်ကုန် တစ်နှစ် ပြည်ပတင်ပို့မှု အမေရိကန်ဒေါ်လာ သန်း ၇၀၀ မှ ဒေါ်လာသန်း ၁,၀၀၀ (၁ ဘီလီယံအထိ) တိုးတက်လာနိုင်သည်ဟု မြန်မာနိုင်ငံဆန်စပါးအ

သင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ၎င်း၏ဖေ့စ်ဘွတ်ခ်တွင် ရေးသားထားသည်။ ထို့အပြင် လယ်ယာ၊ သား၊ ငါး ပြည်ပတင်ပို့မှုမှ ဝင်ငွေကို လာမည့်ဘဏ္ဍာနှစ်တွင် ဒေါ်လာငါးဘီလီယံရရှိပြီး နောင်သုံးနှစ်တွင် ပို့ကုန်ဝင်ငွေ ဒေါ်လာ ၁၀ ဘီလီယံထိရရှိရန် အစိုးရ၊ ပုဂ္ဂလိက၊ တောင်သူလယ်သမားများ၊ အသင်းအဖွဲ့များနှင့်ပညာရှင်များ ပူးပေါင်းဆောင်ရွက်သွားရမည်ဟု ၎င်းကဆိုသည်။

Source: https://7day.news/detail?id=189999

## မန္တလေးကုန်စည်ဒိုင်ဝင်ခွင့်ကို လူဦးရေအကန့်အသတ်ဖြင့်သာခွင့်ပြုထား



ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)ကို ပြီးခဲ့သော မေလနောက်ဆုံးပတ်မှစတင်ကာ ပြန်လည်ဖွင့်လှစ်ထားသော်လည်း အသင်းတိုက်အတွင်းဝင်ခွင့်ကိုမူ လက်ရှိအချိန်အထိ လူဦးရေအကန့်အသတ်ဖြင့်သာ ခွင့်ပြုထားဆဲဖြစ်ကြောင်း အဆိုပါအသင်းအတွင်းရေးမှူး ဦးစက်မောင်ဆွေကပြောသည်။

ကိုဗစ် ၁၉ ဂယက်ကြောင့် ယာယီပိတ်သိမ်းထားခဲ့သော အဆိုပါကုန်စည်ဒိုင်ကို ပြီးခဲ့သော မေလ ၂၈ ရက်က ပြန်လည်ဖွင့်လှစ်ခဲ့သော်လည်း အဝင်အထွက်ကို ပုံမှန်ကာလကဲ့သို့ အလုံးအရင်းဖြင့် မဟုတ်ဘဲ အသင်းသား (သို့မဟုတ်) ကိုယ်စားလှယ်တစ်ဦးသာ ဝင်ခွင့်ပြုထားသည်။ "မေလ ၂၈ ရက်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်နဲ့ ပြန်ဖွင့်တာပါ။ ရောင်းကြဝယ်ကြတာတော့ အကုန်စုံစုံညီညီပါပဲ။ ဒါပေမယ့် တိုင်းအစိုးရရဲ့ ညွှန်ကြားချက်နဲ့ လူဦးရေကိုတော့ လျှော့ထားပါတယ်။ အရင်တုန်းကဆို လုပ်ငန်းတစ်ခုကို လူသုံးဦးလောက်အထိ ဝင်ခွင့်ပေးခဲ့ပေမယ့် အခုတော့လုပ်ငန်းတစ်ခုကို တစ်ဦးတည်းပဲဝင်ခွင့်ပေးထားပါတယ်။ ဖြေလျှော့လာတဲ့အချိန် ပြန်ဖွင့်ပေးလိုက်ရင်တော့ လုပ်ငန်းရှင်တွေအနေနဲ့ လုပ်ရကိုင်ရတာ ပိုသက်သာသွားမှာပါ"ဟု ဦးစက်မောင်ဆွေကပြောသည်။

အချိန်ကိုမူ ကန့်သတ်ထားခြင်းမရှိဘဲ ယခင်ကဲ့သို့ နံနက် ၈ နာရီမှ နေ့လည် ၁၁ နာရီဝန်းကျင်တွင် အရောင်း အဝယ်ပိတ်သိမ်းကြကြောင်းပြောသည်။ အသင်းတိုက်သို့ လာရောက်ရာတွင် နှာခေါင်းစည်းတပ်ဆင်ပြီး လက်ဆေးကန်၌ လက်ဆေးပြီးမှ ဝင်ရောက်ရန်၊ အပူချိန်တိုင်းကိရိယာဖြင့် တိုင်းတာပြီးမှ ဝင်ရောက်ခွင့်ပြုရန်၊ လက်ရှိအခြေအနေတွင် ကုန်စည်များ နမူနာခင်းကျင်းသည့်စားပွဲများ လျှော့ချထားသဖြင့် မူလနေရာနှင့် နီးစပ်အဆင်ပြေသောနေရာတွင် နမူနာများခင်းကျင်းပြီး တစ်ဦးနှင့်တစ်ဦး သုံးပေအကွာမှ အရောင်းအဝယ်ပြုလုပ်ကြရန်၊ စားပွဲများကိုရွှေ့ပြောင်းခြင်းမပြုလုပ်ရန်နှင့် စားပွဲတစ်လုံးတွင် ရောင်းသူနှစ်ဦး၊ ဝယ်သူတစ်ဦးသာ အရောင်းအဝယ်ပြုလုပ်ရန် စသောအချက်များကို အဆိုပါအသင်း အလုပ်အမှုဆောင်အဖွဲ့က သတ်မှတ်ကြေညာထားသည်။ "အရောင်းအဝယ်လုပ်ရတာ အဆင်ပြေပါတယ်။ နည်းနည်းတော့ပိုပန်းသွားတာပေါ့။ အရင်ကတော့ လူခွဲပြီးလုပ်လို့ရပေမယ့် အခုတော့ တစ်ယောက်တည်း ထောင့်စေ့အောင်လုပ်ရတာပေါ့။ ပွဲစားတွေအနေနဲ့ နည်းနည်းပင်ပန်းပေမယ့် ကျန်တာအဆင်ပြေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောသည်။

အသင်းကြီး၏ (၈၆) ကြိမ်မြောက် ကထိန်တော်နှစ်အတွက် ကြိုတင်လျာထားမှုများရှိကြောင်း၊ ကိုဗစ်အခြေအနေတည်ငြိမ်ပြီး ကျင်းပခွင့်ရပါက အသင်းခန်းမတွင် ကျင်းပမည်ဖြစ်သော်လည်းကျင်းပရန် အဆင်မပြေပါက ဘုန်းကြီးကျောင်းသို့ သွားရောက်လှူဒါန်းမည်ဖြစ်ကာ အစိုးရကထုတ်ပြန်မည့် ဒေသန္တရအမိန့်ပေါ်တွင် မူတည်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။ ကိုဗစ်ကာလအတွင်း မန္တလေးကုန်စည်ဒိုင်မှ စားသောက်ကုန်အချို့ကိုစုစည်းကာ လက်ကားဈေးအတိုင်း ရပ်ကွက်များအတွင်း လိုက်လံရောင်းချပေးခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/140622.html

## မန္တလေးတိုင်း အသေးစားနှင့်လက်လုပ်လက်စား ကျောက်မျက်ရတနာဥပဒေ(ကြမ်း)ပြဋ္ဌာန်းနိုင်ရန် မိုးကုတ်ဒေသခံများနှင့် ဆွေးနွေး



မန္တလေးတိုင်း၏ အသေးစားနှင့်လက်လုပ်လက်စား ကျောက်မျက်ရတနာ ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရန်အတွက် ရတနာမြေဖြစ်သော မိုးကုတ်မြို့ရှိ ဒေသခံများနှင့် တိုင်းဒေသကြီးလွှတ်တော် ဥပဒေရေးရာကော်မတီတို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ယနေ့ဇွန်၂၁ ရက်တွင် မိုးကုတ်မြို့၌ တိုင်းဒေသကြီး ဥပဒေပြုရေးရာကော်မတီက ကျောက်မျက်ဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ ဒုတိယအကြိမ်ဆွေးနွေးခဲ့ကြောင်း၊ ယင်းဥပဒေကြမ်းအား တိုင်းဒေသကြီး ၁၉ ကြိမ်မြောက် လွှတ်တော်အစည်းအဝေးတွင် တင်သွင်းသွားမည်ဖြစ်ကြောင်း ဥပဒေများလေ့လာသုံးသပ်ပြင်ဆင်ဖွဲ့စည်းရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်သဲစုဝေက ပြောသည်။ “ဒီဥပဒေ(မူကြမ်း)အပေါ်မှာ ဝန်ကြီးချုပ်ကနေ ဒေသခံပြည်သူတွေကို တင်ပြဆွေးနွေးပေးပါဆိုလို့ ဒါဒုတိယအကြိမ်ဆွေးနွေးကြတာပေ့ါ။ လက်ရှိ ဥပဒေကိုလက်ခံလား ပြင်ဆင်ချက်တွေကို ဘာတွေ လုပ်ချင်သေးလည်း ဒါတွေဆွေးနွေးကြတာပါ။ ပြင်ချင်တယ် ဆိုရင်လည်း ဒေသခံကိုယ်စားလှယ်တွေက နေတစ်ဆင့်ပြင်ဆင်လို့ရတာပေ့ါ ” ဟု ၎င်းကပြောသည်။

ဥပဒေပြုရေးရာ ကော်မတီနှင့် ဒေသခံများက မိုးကုတ်မြို့ အထွေထွေ အုပ်ချုပ်ရေးမှူးရုံးနှင့် သဖန်းဆိပ် ရပ်ကွက်တို့တွင် ၂ နေရာခွဲပြီး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ယင်းတွေ့ဆုံမှုနဲ့ပတ်သက်ပြီး ဒေသခံများ၏ လိုလားချက်များအား တင်ပြဆွေးနွေးခွင့်ရခဲ့ကာ ဥပဒေတွင်ပါဝင်လာမည်ဆိုပါက အားရကျေနပ်စရာကောင်းမည်ဖြစ်ကြောင်း မိုးကုတ်ထာပွဲ ကျောက်ကုန်သည်ပွဲစားများအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူမြင့်ကပြောသည်။ “ ဒီမိုကရေစီစနစ်နဲ့ သွားနေကြတာဆိုတော့ အားလုံးမှာ ပြောခွင့်ရှိတယ်။ လိုချင်တာအားလုံးဖြစ်လာမှာမဟုတ်ပေမယ့် တင်ပြချက်တွေကိုနားထောင်ပေးပြီး ပြည်သူတွေတင်ပြတာ အနည်းအကျဉ်းလောက်ပါလာမယ်ဆိုရင် အသိအမှတ်ပြုပေးရမှာပဲ။ အားရကျေနပ်မှုတော့ရှိပါတယ်။ ပြည်သူတွေလိုလားချက်တွေကိုလည်း တင်ပြဆွေးနွေးနိုင်ခဲ့ပါတယ် ” ဟု ၎င်းကပြောသည်။

မန္တလေးတိုင်းဒေသကြီး အသေးစားနှင့် လက်လုပ်လက်စား ကျောက်မျက်ရတနာ ဥပဒေ(မူကြမ်း) တွင် အခန်းပေါင်း ၁၁ ခန်းပါဝင်ပြီး လွှတ်တော်သို့တင်သွင်းလာပါက ကိုယ်စားလှယ်များက ပြင်ဆင်သင့်ဖြည့်စွက်သင့်သည်များကိုဆွေးနွေးကာ အတည်ပြုပြဋ္ဌာန်းပေးနိုင်မည်ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/140540.html

## အလှကုန်နှင့်လူသုံးကုန်များ မှတ်ပုံတင်လျှောက်ထားမှု အွန်လိုင်းမှကြိုတင်ရက်ချိန်းယူနိုင်

အလှကုန်နှင့်လူသုံးကုန် ပစ္စည်းများ မှတ်ပုံတင်လျှောက်ထားမှုအတွက် ဇွန်လ ၂၅ ရက်ကစတင်ကာ အွန်လိုင်းမှတစ်ဆင့် ကြိုတင်ရက်ချိန်းရယူနိုင်ကြောင်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)က ကြေညာသည်။ လျှောက်ထားသူများအနေဖြင့် ဇွန်လ ၂၅ ရက် နေ့လယ် ၁၂ နာရီတွင် ကြိုတင်ရက်ချိန်းရယူနိုင်ပြီဖြစ်သည်။

အွန်လိုင်းကြိုတင်ရက်ချိန်း ဖွင့်ပေးမည့်ရက်များမှာ ဇူလိုင် (၁၊ ၂၊ ၇၊ ၈၊ ၉)၊ (၁၄၊ ၁၅၊ ၁၆)၊ (၂၁၊ ၂၂၊ ၂၃)၊ (၂၈၊ ၂၉၊ ၃၀) စသဖြင့် ရက်သတ္တလေးပတ်စာဖြစ်သည်။ ကုမ္ပဏီများအနေဖြင့် အချက်အလက်ပြည့်စုံမှသာ ကြိုတင်ရက်ချိန်းရယူရန်နှင့် ရက်ချိန်းရယူပြီးနောက် ပယ်ဖျက်မှု (Cancellation) ပြုလုပ်ခြင်းကို လက်ခံမည်မဟုတ်ကြောင်း FDA ကဆိုသည်။ ထို့အပြင် ရက်ချိန်းရရှိသည့်နေ့တွင် လာရောက်အပ်နှံရန်ပျက်ကွက်ပါက ထပ်မံ၍ အွန်လိုင်းမှကြိုတင်ရက်ချိန်းရယူခြင်းကို နှစ်လခေတ္တပိတ်သိမ်းမည်ဖြစ်ကြောင်းလည်း FDA ကြေညာချက်တွင် ထည့်သွင်းဖော်ပြထား သည်။ FDA က ပြီးခဲ့သည့် မေလ ၂၈ ရက်တွင် အွန်လိုင်းမှရက်ချိန်း ကြိုတင်လျှောက်ထားမှုအားလေးပတ်စာ ဖွင့်ပေးခဲ့သည်။

**Source:** https://7day.news/detail?id=189996

## ရှမ်းတောင် သရက်သီးစိုက်တောင်သူများ ရွေးပယ် စိန်တစ်လုံးသရက်မှ အပိုဝင်ငွေရရှိ



ရှမ်းပြည်နယ်တောင်ပိုင်းဒေသအတွင်းရှိ သရက်သီးစိုက်တောင်သူများအနေဖြင့် ဈေးကွက်မဝင်သော ရွေးပယ် စိန်တစ်လုံး သရက်သီးများမှ အပိုဝင်ငွေ ထပ်မံရရှိနေကြကြောင်းသိရသည်။ ပြည်တွင်းကုမ္ပဏီတစ်ခု၏ ကမ်းလှမ်းမှုဖြင့် ဈေးကွက်မဝင် အပယ်ခံရသည့် စိန်တစ်လုံးသရက်သီးများကို နယ်မြေခံသီးနှံစုံရောင်းဝယ်ရေး ကိုယ်စားလှယ် တစ်ဦးမှ တစ်ပိဿာလျှင် ၅၀၀ ကျပ်နှုန်းဖြင့်ဝယ်ယူ၍ ရန်ကုန်မြို့ရှိ သီးနှံအဆင့်မြင့်တန်ဖိုးကုန်အဖြစ် ပြုပြင်ထုတ်လုပ်သည့် စက်ရုံသို့ပို့ဆောင်ပေးခြင်းဖြင့် သရက်သီးစိုက် တောင်သူများ အပိုဝင်ငွေရရှိနေခြင်းဖြစ်ကြောင်း သိရသည်။ “၂၀၁၆ ခုနှစ်ကတည်းက ကုမ္ပဏီနဲ့ချိတ်ဆက်မိပြီး လုပ်ဖြစ်သွားတာပါ။ ဈေးကွက်ဝင်အသီးတွေကို ရွေးချယ်ပို့ပေးရာကနေ သရက်ဝယ်လက်တွေက ပယ်လိုက်တဲ့အသီးတွေကို အခုလိုဝယ်ယူဖြစ်ခဲ့တာပါ။ အရင်က ဒီပယ်သီးတွေကို တောင်သူတွေအနေနဲ့က အမှိုက်ပုံမှာစွန့်ပစ်ရုံပဲရှိတာ။ အခု အဲဒီအသီးတွေကနေ အပိုဝင်ငွေရတော့ အလုပ်သမားခ၊ မြေဩဇာဖိုး၊ ဆေးဖျန်းစာရိတ်တွေ ကာမိတာပေါ့”ဟု ရပ်စောက်ဒေသခံ သီးနှံစုံရောင်းဝယ်ရေး ကိုယ်စားလှယ် ဦး အောင်ကျော်စိုးက ကမ္ဘောဇတိုင်းသို့ပြောပြသည်။ .

အလားတူ အခြားသရက်သီးစိုက်တောင်သူတစ်ဦးကလည်း ယင်းကဲ့သို့ဝယ်ယူပေးခြင်းအားဖြင့် အသီးအလေအလွင့်နည်းပါးကာ အပိုငွေများရရှိကြောင်း၊ ထိုကဲ့သို့ဝယ်ယူသူမရှိခဲ့ပါက အသီးများအား မိမိခြံသို့ ပြန်လည်ယူဆောင်ကာ ဖျက်ဆီးခဲ့ရကြောင်း ပြောဆိုခဲ့သည်။ အဆိုပါ ရွေးပယ် စိန်တစ်လုံးသရက်သီးများအား ဒေသခံအဝယ် ကိုယ်စားလှယ်မှ တစ်ရက်လျှင် ကုန်ချိန် ၁၀ တန်မှ ၁၅ တန်အထိ ဝယ်ယူလျက်ရှိပြီး ရန်ကုန်ကုမ္ပဏီသို့ တင်ပို့ပေးနေခြင်းဖြစ်ကြောင်းသိရသည်။ ကုမ္ပဏီမှ အဆိုပါအသီးများကို ပြန်လည်သန့်စင်၍ သရက်ပြင်၊ သရက်ပြား၊ သရက်သီးအနှစ်၊ သရက်သီးခြောက်နှင့် သရက်ယိုများအဖြစ် အဆင့်မြင့်နည်းပညာထုတ်ပိုးကုန်စနစ်ဖြင့် ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်အပြင်၊ စင်ကာပူ၊ တရုတ်၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်နှင့် ရုရှားနိုင်ငံများထိတိုင် တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။ .

ရှမ်းပြည်နယ်အတွင်း သရက်စိုက်ဧက စုစုပေါင်းမှာ ၂၀၁၉ ခုနှစ် စာရင်းများအရ ၂၀၆၄၂ ဧကအနက် စိန်တစ်လုံးသရက်စိုက်ဧကမှာ ဧက ၁၀၀၀၀ ကျော်ရှိပြီး သရက်သီး တစ်တန်လျှင် အသီးအရွယ်ပမာဏပေါ်မူတည်၍ အလုံး ၃၀၀၀ မှ အလုံး ၄၀၀၀ ခန့်ပါရှိကြောင်းသိရသည်။

**Source:** https://www.kanbawzatainews.com/2020/06/mango_23.html

**Kanbawza Tai News**

## လာမည့်ဘဏ္ဍာနှစ် ပြည်ထောင်စု၏လိုငွေ ကျပ် ၆၈၀၀ ဘီလီယံရှိမည်



အစိုးရနှစ်ဆက် ကိုင်တွယ်ဆောင်ရွက်ရမည့်လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ဘဏ္ဍာငွေရသုံးဆိုင်ရာ ဥပဒေ ကြမ်းကို လက်ရှိအစိုးရက ရေးဆွဲလျက်ရှိရာ ပြည်ထောင်စု၏ စုစုပေါင်းလိုငွေမှာ ကျပ် ၆၈၀၀ ဘီလီယံရှိမည်ဖြစ်ကြောင်း အစိုးရက ထုတ်ပြန်လိုက်သည်။

အဆိုပါ အရအသုံးစာရင်းများအား အဆုံးအဖြတ်ပေးမည့် ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးကို နေပြည်တော်တွင် ဇွန် ၂၂ ရက်နေ့ကကျင်းပခဲ့ခြင်းဖြစ်သည်။ ထိုအစည်းအဝေးတွင် ဆွေးနွေးချက်များအရ လာမည့်ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု၏ စုစုပေါင်းရငွေကို ကျပ်၂၇၈၅၂ ဘီလီယံ ခန့်မှန်းထားပြီး စုစုပေါင်းသုံးငွေကိုလည်း ကျပ် ၃၄၆၅၂ ဘီလီယံ ခန့်မှန်းထားခြင်း ဖြစ်သည်။ ထို့ကြောင့် လိုငွေသည်

ကျပ် ၆၈၀၀ ဘီလီယံရှိမည်ဖြစ်ကာ လိုငွေနှင့်ဂျီဒီပီအချိုးသည်လည်း ၅ ဒသမ ၄၁ ရာခိုင်နှုန်း ရှိမည်ဖြစ်ကြောင်းသိရသည်။ လာမည့်ဘဏ္ဍာရေးနှစ်၏ လျာထားအသုံးစရိတ်များထဲတွင် ကိုဗစ်-၁၉ ပြန်လည်ထူထောင်ရေး ဆိုင်ရာအသုံးစရိတ်များနှင့် အထွေထွေရွေးကောက်ပွဲအတွက် အသုံးစရိတ်များပါဝင်လာသည့်အပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအသုံးစရိတ်များ၊ လျှပ်စစ်မီး၊ လမ်းတံတား၊ သောက်သုံးရေနှင့်စိုက်ပျိုးရေရရှိရေးဆိုင်ရာ အသုံးစရိတ်များကိုလည်း ပုံမှန်အတိုင်းခွဲဝေချထား ပေး ကြောင်း ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတဦးဝင်းမြင့်ကပြောဆိုသည်။ ထို့အပြင် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်ကို ယခင်နှစ်ထက်တိုးမြင့်လျာထားခြင်းနှင့် မသန်စွမ်းသူများကို ထောက်ပံ့ရန်လည်း ထည့်သွင်းလျာထား ကြောင်း သိရသည်။

လာမည့်ဘဏ္ဍာနှစ်တွင် ကိုဗစ်-၁၉ ကြောင့် အခွန်အကောက်ရငွေနှင့် အခြားရငွေများ လျော့နည်းနိုင်သော်လည်း ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုကို ကာကွယ်ရန်အတွက် သုံးသင့်သုံးထိုက်သည့် အသုံးစရိတ်များကို သုံးစွဲသွားမည်ဟုဆိုသည်။ ထို့ကြောင့်လည်း အရေးပေါ်ရန်ပုံငွေကို ယခင်နှစ်က ကျပ် ၁၀၀ ဘီလီယံသာ လျာထားလေ့ရှိသော်လည်း လာမည့်နှစ် အတွက်ကိုမူ ၁၅၀ ဘီလီယံအထိ တိုးမြင့်လျာထားကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေကပြောကြားသွားသည်။ ထိုကဲ့သို့ပင် တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုလည်း ကျပ်၂၃၈၁ ဘီလီယံ ထောက်ပံ့သွားရန်လျာထားသည်။ ထိုပမာဏသည် လက်ရှိနှစ်ထက် ၂၆၇ ဘီလီယံပိုများကြောင်းတွေ့ရသည်။

ထို့အပြင် တိုင်း/ပြည်နယ်များသို့ အခွန်ဝေစုများလည်း လက်ရှိဘဏ္ဍာရေးနှစ်ထက် တိုးမြင့်ခွဲဝေသွားမည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောသည်။ အခွန်ဝေစုကို ကျပ် ၁၆ ဘီလီယံတိုးမြင့်ကာ ကျပ် ၃၆၉ ဘီလီယံ ခွဲဝေပေးသွားရန် လျာထားခြင်းဖြစ်သည်။ တစ်မြို့နယ်လျှင် ကျပ် သိန်းတစ်ထောင်ခွဲဝေသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံ ငွေကိုမူ ယခင်နှစ်များအတိုင်းပင် ကျပ် ၃၂ ဘီလီယံ ခွဲဝေလျာထားကြောင်းတွေ့ရသည်။

ဘဏ္ဍာရေးကော်မရှင်၏ ဆွေးနွေးဆုံးဖြတ်ချက်များအရ လိုငွေနှင့် ဂျီဒီပီအချိုးတွင် လက်ရှိဘဏ္ဍာရေးနှစ်၏ မူလခွင့်ပြုငွေစာရင်းကို ရေးဆွဲစဉ်က ၅ ဒသမ ၉ ရာခိုင်နှုန်းဖြင့် ရေးဆွဲခဲ့သော်လည်း လာမည့်နှစ်တွင်မူ ၅ ဒသမ ၄၁ ရာခိုင်နှုန်းသာ ရှိမည်ဖြစ်သောကြောင့် လိုငွေနှင့်ဂျီဒီပီအချိုးမှာ အနည်းငယ် လျော့နည်းသွားသည်ကို တွေ့ရသည်။ ထို့အပြင် ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းလျှင် လွှတ်တော်ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အသုံးစရိတ်အပေါ် စိစစ်လျှော့ချမှုများရှိလာနိုင်သေးသောကြောင့် လိုငွေနှင့်ဂျီဒီပီအချိုးလည်း ထပ်မံလျော့ကျလာနိုင်သေးကြောင်းသိရသည်။ လက်ရှိဘဏ္ဍာရေးနှစ်၏ မူလခွင့်ပြုငွေတွင် စုစုပေါင်းရငွေ ကျပ်၂၅၁၁၃ ဘီလီယံနှင့်စုစုပေါင်းသုံးငွေ ကျပ် ၃၂၃၄၀ လျာထားခဲ့သဖြင့် လိုငွေ ကျပ် ၇၀၂၇ ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် လိုငွေတွင် ၂၂၇ ဘီလီယံ လျော့နည်းသွားကြောင်းတွေ့ရသည်။

**Source:** https://myanmar.mmtimes.com/news/140586.html

The Myanmar Times

## ငွေသားမဲ့ငွေပေးချေမှု (cashless payment) ကိုချဲ့ထွင်ရန်နှင့် ဘဏ်အချင်းချင်း ဝန်ဆောင်ခလျှော့ချရန် ဂျပန်ဝန်ကြီးချုပ်ညွှန်ကြားခဲ့

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဇွန်လ ၁၆ ရက်နေ့တွင်ကျင်းပသော အနာဂတ်ရင်းနှီးမြှုပ်နှံမှုအတွက် ပြင်ဆင်ဆောင်ရွက်မှုနှင့်ပတ်သက်သည့် အစိုးရအဖွဲ့အစည်းအဝေးတွင် ဘဏ်များအနေဖြင့် ဘဏ်တစ်ခုမှတစ်ခုသို့ငွေလွှဲပါက ပေးဆောင်ရသည့် ဝန်ဆောင်ခလျှော့ချရန်နှင့် အခြေခံကျသော လေ့လာဆန်းစစ်မှုများဆောင်ရွက်ရန် ဘဏ္ဍာရေးဝန်ကြီးအား ညွှန်ကြားခဲ့ပါသည်။

ဂျပန်ဘဏ်များအကြားပြုလုပ်ခဲ့သည့် ညှိနှိုင်းမှုများမှတစ်ဆင့်ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ဖြစ်သည့် ပြည်သူများအကြား စမတ်ဖုန်းအသုံးပြုသည့် ငွေသားမဲ့ငွေပေးချေမှုနည်းလမ်းများအား ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာရေးအတွက် ငွေသားမဲ့ငွေပေးချေမှုဝန်ဆောင်ခကို ဘဏ်များကလျှော့ချပေးခြင်းဖြင့် အသုံးပြုမှုကိုတိုးတက်လာစေရေး အကောင်အထည်ဖော်ရန်ဖြစ်ပါသည်။

ကိုရိုနာကပ်ရောဂါကူးစက်ပြန့်ပွားနေသည့်အချိန်တွင် ပြည်သူများအကြား ငွေသားမဲ့ပေးချေမှုသည် တိုးတက်လာသည်ကိုတွေ့ရပြီး ဂျပန်အစိုးရအနေဖြင့် တစ်နိုင်ငံလုံး ဘဏ်များအကြား ရှင်းလင်းသည့်စနစ်ဖြင့် သင့်တော်သည့် ဝန်ဆောင်မှုနှုန်းစနစ်အသစ်ဖြင့် အကောင်အထည်ဖော်ရန် စီစဉ်နေပါသည်။ ထို့အပြင် ဘဏ်လုပ်ငန်းနယ်ပယ်ပြင်ပရှိ လူများ၏ပါဝင်မှုနှင့်ပတ်သက်ပြီး ဆွေးနွေးမှုများပြုလုပ်ရန်ကိုလည်းစီစဉ်နေပြီး ဘဏ်များအကြား ငွေပေးချေမှုစနစ်၏ ပွင့်လင်းမြင်သာမှုကို တိုးမြှင့်နိုင်ရန် ကြိုးပမ်းနေကြောင်းသိရပါသည်။

**Source: The Cabinet Office of Japan, The Prime Minister's Office of Japan, METI, Japan, The Japan Times, The Japan News, The Yomiuri Shimbun, The NHK World**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## ကုမ္ပဏီများအားထောက်ပံ့နိုင်ရေး အမေရိကန်ဒေါ်လာ ၁ ထရီလီယံဝန်းကျင်အထိ ဂျပန်ဗဟိုဘဏ် တိုးချဲ့သုံးစွဲရန်ပြင်ဆင်နေ

ဂျပန်ဗဟိုဘဏ် (Bank Of Japan) က ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဒဏ်ခံရသည့်ကုမ္ပဏီများအတွက် ထောက်ပံ့မှုကို အမေရိကန်ဒေါ်လာ ၁ ထရီလီယံ ဝန်းကျင်အထိ တိုးချဲ့သွားရန်ပြင်ဆင်နေပါသည်။

ဗဟိုဘဏ်မှ မူဝါဒရေးဆွဲသူများက အဆိုပါကိစ္စအတွက် အစည်းအဝေးကို ၂ ရက်ကြာကျင်းပခဲ့ပြီး ကိုရိုနာဂယက်ရိုက်ခတ်မှုဒဏ်ခံစားရသည့် ကုမ္ပဏီများအတွက် ဘဏ္ဍာရေးဆိုင်ရာထောက်ပံ့မှုကို ယန်းငွေ ၇၅ ထရီလီယံမှ ၁၁၀ ထရီလီယံအထိ တိုးမြှင့်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရပါသည်။

အဆိုပါဘဏ္ဍာရေးအပိုင်းပံ့ပိုးမှုသည် အသေးစားနှင့် အလတ်စားကုမ္ပဏီများအတွက် ဘဏ်များကပံ့ပိုးပေးနေသည့် အတိုးမဲ့ချေးငွေဆိုင်ရာအစီအစဉ်၏ ကျောထောက်နောက်ခံတစ်ခုသဖွယ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ဂျပန်ဗဟိုဘဏ်သည် စီးပွားရေးကို တွန်းအားပေးရန်အတွက် အစိုးရငွေချေးစာချုပ်များကို အကန့်အသတ်မရှိဝယ်ယူမည့် ၎င်း၏အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံ၏စီးပွားရေးသည် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် အတန်ပင်ဆိုးရွားနေသည့်အနေအထားဖြစ်နေပါကြောင်း၊ ထိုကဲ့သို့ဆိုးရွားမှုအနေအထားသည် အချိန်တစ်ခုအထိရှိနေနိုင်မည်ဟု ဗဟိုဘဏ်က ခန့်မှန်းပြောကြားခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## မေလတွင် စင်ကာပူနိုင်ငံ၏ ကုန်သွယ်မှု ၂၅ ရာခိုင်နှုန်းကျဆင်းခဲ့

၂၀၂၀ ခုနှစ်၊ မေလတွင် စင်ကာပူ၏ ကုန်စည်ကုန်သွယ်မှုသည် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက (-) ၂၅ ရာခိုင်နှုန်းကျဆင်းခဲ့သည့်အတွက် ဧပြီလတွင်ဖြစ်ပေါ်ခဲ့သော (-) ၁၂.၉ ရာခိုင်နှုန်းထက် ပိုမိုထိုးဆင်းသွားခဲ့ကြောင်း၊ မေလအတွင်း ပို့ကုန်ပိုင်းအနေဖြင့် (-) ၂၃.၉ ရာခိုင်နှုန်းနှင့်သွင်းကုန်ပိုင်းအနေဖြင့် (-) ၂၆.၂ ရာခိုင်နှုန်းလျော့နည်းခဲ့ကြောင်း၊ စင်ကာပူနိုင်ငံကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက ၁၇ - ၆ - ၂၀၂၀ ရက်နေ့တွင် သတင်းထုတ်ပြန်ထားပါသည်။

ကာလအလိုက်ညှိနှိုင်းထားသောစာရင်းအရ မေလအတွင်း စင်ကာပူဒေါ်လာ ၃၇.၅ ဘီလီယံတင်ပို့ခဲ့ပြီး၊ စင်ကာပူဒေါ်လာ ၃၃ ဘီလီယံ တင်သွင်းခဲ့သည့်အတွက် စုစုပေါင်းကုန်သွယ်မှုပမာဏသည် စင်ကာပူဒေါ်လာ ၇၀.၅ ဘီလီယံရှိခဲ့ပါသည်။

စင်ကာပူနိုင်ငံ၏ စက်သုံးဆီမဟုတ်သောပြည်တွင်းထုတ်ပို့ကုန် (Non-Oil Domestic Exports) မှာ ဧပြီလတွင် ၉.၇ ရာခိုင်နှုန်း တိုးမြှင့်တင်ပို့နိုင်ခဲ့သောအခြေအနေနှင့်ဆန့်ကျင်လျက် မေလတွင် (-) ၄.၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ စက်သုံးဆီမဟုတ်သောပြည်တွင်းထုတ်ပို့ကုန်တွင် အီလက်ထရွန်နစ်ပစ္စည်းမဟုတ်သောပို့ကုန်နှင့်အီလက်ထရွန်နစ်ပစ္စည်းပို့ကုန်ဟူ၍ နှစ်မျိုးထပ်ခွဲထားပြီး၊ အီလက်ထရွန်နစ်ပစ္စည်းပို့ကုန်မှာ ၁၂.၅ ရာခိုင်နှုန်းတိုးတက်ခဲ့သော်လည်း အီလက်ထရွန်နစ်ပစ္စည်းမဟုတ်သောပို့ကုန်မှာ (-) ၈.၈ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။ အီလက်ထရွန်နစ်ပစ္စည်း ပို့ကုန်တိုးတက်ခဲ့ခြင်းမှာ အဓိကအားဖြင့် ICs ၊ Disk

Drives နှင့် Disk Media တို့ကို ၂၂.၅ ရာခိုင်နှုန်း၊ ၂၃.၆ ရာခိုင်နှုန်းနှင့် ၅၀.၅ ရာခိုင်နှုန်း အသီးသီးတိုးမြင့်တင်ပို့နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပြီး၊ အီလက်ထရွန် နစ်ပစ္စည်းမဟုတ်သောပို့ကုန်များ တင်ပို့မှုကျဆင်းခဲ့ခြင်းမှာ အထူးသဖြင့် Food Preparation (၂၄.၅%) ၊ ရေနံဓာတုပစ္စည်း (-၃၁.၂ %) နှင့် non-electric စက်နှင့်မော်တာများ (-၅၅%) ကို လျော့နည်းတင်ပို့နိုင်ခဲ့သောကြောင့်ဖြစ်ပါသည်။

စင်ကာပူသည် စက်သုံးဆီမဟုတ်သောပြည်တွင်းထုတ်ပို့ကုန်များကို ၎င်း၏ အဓိကဈေးကွက်များအနက်မှ အီးယူ၊ တရုတ်၊ ဟောင်ကောင်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းဈေးကွက်များသို့ တင်ပို့မှုကျဆင်းခဲ့သော်လည်း အမေရိကန် (၅၀.၆%) ၊ ဂျပန် (၅၂.၉%) နှင့် ထိုင်ဝမ်(၂၇.၂%) ဈေးကွက်များသို့ တိုးတက်တင်ပို့နိုင်ခဲ့ကြောင်း ဖော်ပြထားပါသည်။

စက်သုံးဆီတင်ပို့မှုပိုင်းတွင် အထူးသဖြင့် မလေးရှား (- ၈၅.၃%) ၊ အင်ဒိုနီးရှား (- ၈၁.၇%) နှင့် ဟောင်ကောင် (-၇၆.၃%) သို့ တင်ပို့မှုကျဆင်းခဲ့သောကြောင့် မေလတွင် စင်ကာပူ၏ စက်သုံးဆီပို့ကုန်သည် (-) ၇၆.၂ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ကြောင်းနှင့် စက်သုံးဆီမဟုတ်သော ကုန်ပစ္စည်းများပြန်လည်တင်ပို့မှု (Non-Oil Re-exports) အခြေအနေမှာလည်း (-) ၁၅.၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းသိရှိရပါသည်။

**Source:** Ministry of Trade & Industry, Singapore

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမြင့်တက်သည့် နယ်မြေဒေသများတွင် အရေးပေါ်အစီအမံများ ချမှတ်ဆောင်ရွက်မည်

အိန္ဒိယနိုင်ငံတွင် နိုင်ငံတစ်ဝန်းလုံး၌ အသွားအလာကန့်သတ်ထားမြစ်ထားခြင်းကို ဇွန်လ ၁ ရက်နေ့မှ စတင်ဖြေလျော့လျက် Covid-19 ဗိုင်းရပ်စ်ကူးစက်မှု တားဆီးထိန်းချုပ်ရေးအစီအမံများကို ဒေသန္တရအစိုးရများ၏အစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်ခဲ့သော်လည်း ဒေလီမြို့တော် ပြည်ထောင်စုနယ်မြေ၊ မဟာရဋ္ဌ၊ တမီနာဒူ၊ ဂူဂျရတ်၊ ဥတ္တာပရာဒေ့ရှ်၊ ရာဂျပ်စတန် စသည့် ပြည်နယ်များနှင့် အခြားမြို့ကြီးများ၌ ဗိုင်းရပ်စ်ကူးစက်မှုနှုန်းမှာ မြင့်တက်လျက်ရှိရာ အဆိုပါနယ်မြေဒေသများ၌ အရေးပေါ်စီမံချက်များချမှတ်ဆောင်ရွက်ရန် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရင်ဒရာမိုဒီက ၁၃.၆.၂၀၂၀ နေ့၌ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးရာတွင် လမ်းညွှန်မှာကြားခဲ့ပါသည်။

အိန္ဒိယနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူဦးရေ စုစုပေါင်း၏ သုံးပုံနှစ်ပုံသည် ပြည်နယ်/ ပြည်ထောင်စုနယ်မြေ ၅ ခု၌ ဖြစ်ပေါ်လျက်ရှိပြီး မြို့ကြီးများ၌ အဆိုပါရောဂါ ကူးစက်ခံရမှုရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုနှင့် ရောဂါကူးစက်ခံရသည့် လူနာများအား လက်ခံကုသပေးရန် ဆေးရုံများ၌ ကုတင်နေရာရရှိမှုဆိုင်ရာ စိန်ခေါ်မှုများကို ကြုံတွေ့နေရပါသည်။ အထူးသဖြင့် ဒေလီမြို့တော်၌ ဇွန်လဒုတိယပတ်နှောင်းပိုင်းနေ့ရက်များတွင် Covid-19 ဗိုင်းရပ်စ် ကူးစက်ခံရသူ အတည်ပြုလူနာအသစ် ၁၅၀၀ ကျော် နေ့စဉ်တွေ့ရှိလာရပြီး အဆိုပါရောဂါဝေဒနာသည်များအတွက် ဆေးရုံကုတင်နေရာရရှိနိုင်မှု အခက်အခဲ ဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုနှုန်း မြင့်တက်လျက်ရှိသည့်အပေါ် ဒေလီမြို့အခြေစိုက် အိန္ဒိယကုန်သည်များကွန်ဖက်ဒရေးရှင်း (CAIT) က နိုင်ငံတစ်ဝန်းရှိ ကုန်သည်အသင်းအဖွဲ့ပေါင်း ၂၈၀၀ ထံမှ သဘောထားစစ်တမ်း ကောက်ယူခဲ့ရာ၌ ဗိုင်းရပ်စ်ကူးစက်မှုအားထိန်းချုပ်နိုင်မှု အခြေအနေတိုးတက်ကောင်းမွန်ခြင်းမရှိပါကဈေးများ၊ ဈေးဝယ်စင်တာများရှိ ဆိုင်များကို ပိတ်သိမ်းရန်ဆန္ဒရှိကြောင်း၊ အဆိုပါကုန်သည်များ၏ ၈၈% က ထုတ်ဖော်ပြောကြားခဲ့ကြသည်။

သို့ဖြစ်ရာ ၁၄.၆.၂၀၂၀ နေ့တွင် အိန္ဒိယပြည်ထဲရေးဝန်ကြီး အာမစ်ရှားသည် ဒေလီပြည်ထောင်စုနယ်မြေအစိုးရအဖွဲ့မှ ဝန်ကြီးချုပ်အပါအဝင် အဆင့်မြင့်အရာရှိများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဒေလီမြို့တော်၌ Covid-19 ဗိုင်းရပ်စ်ကူးစက်မှု တားဆီးထိန်းချုပ်ရေးအတွက် ဗဟိုအစိုးရအနေဖြင့် ရထားတွဲဆိုင်း ၅၀၀ အား ကုတင်နေရာ ၈၀၀၀ ရရှိစေမည့် ဆေးကုသမှုနေရာအဖြစ် ပြောင်းလဲပေးခြင်း၊ ဒေလီမြို့၌ ကျန်းမာရေးဆိုင်ရာ အကျပ်အတည်းဖြစ်ပေါ်မှုအားကူညီရန် အဆင့်မြင့်အရာရှိ ၅ ဦးအား တာဝန်ပေးအပ်လျက်ဆေးရုံများတွင် အောက်ဆီဂျင်ဆလင်ဒါများ၊ အသက်ရှူအကူစက်ကိရိယာများနှင့် အခြားလိုအပ်သည့် အထောက်အပံ့များပေးခြင်း၊ ဗိုင်းရပ်စ် ကူးစက်ခံရမှု ရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုကို ဇွန်လတတိယပတ်မှစတင်၍ ၂ ဆ တိုးမြှင့်ခြင်း စသည်တို့ကို လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒေလီပြည်ထောင်စုနယ်မြေဝန်ကြီးချုပ် အာဗင်ကီဂျရီဝယ်က ၎င်းတို့အနေဖြင့် မြို့တော် အား lockdown ထပ်မံချမှတ်ခြင်းပြုမည်မဟုတ်ကြောင်း၊ Covid-19 ဗိုင်းရပ်စ်ကူးစက်ခံရမှု ရှိ/ မရှိ ခွဲခြားစမ်းသပ်စစ်ဆေးမှုအား တိုးမြှင့် လုပ်ဆောင်ရာတွင် ဗဟိုအစိုးရ၏ ညွှန်ကြားမှုအရ နောက်ဆုံးအတည်ပြုထားပြီးဖြစ်သည့် Standard Q Covid-19 Ag Antibody Testing Kit ခေါ် ဇီဝဆန့်ကျင်ပစ္စည်းဖြင့် စစ်ဆေးသည့်စနစ်ကို အသုံးပြုဆောင်ရွက်မည်ဖြစ်ကြောင်း ၁၅.၆.၂၀၂၀ နေ့၌ ပြောဆို ပါသည်။ လက်ရှိစံသတ်မှတ်ထားသော RT-PCR Test စနစ်ဖြင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုရှိ/မရှိ စစ်ဆေးမှုမှာ တစ်ကြိမ်လျှင် ရူပီးငွေ ၄၅၀၀ ကျသင့်ပြီး အချိန် ၃ နာရီမှ ၄ နာရီခန့် အထိ ကြာမြင့်မှုရှိပါသည်။ ယခု Antibody Testing Kit ဖြင့် စမ်းသပ်မှုမှာ မိနစ် ၃၀ ခန့်သာ ကြာမြင့်မည်ဖြစ်ပြီး ကုန်ကျစရိတ်မှာလည်း တစ်ကြိမ်လျှင် ရူပီးငွေ ၄၅၀ ခန့်သာ ကျသင့်မည်ဖြစ်၍ ဒေလီ မြို့တော်အတွင်း အထူးကန့်သတ်ထားသည့် Containment Zones နယ်မြေပေါင်း ၂၂၂ ခုမှ ခွဲခြားနမူနာများအား ဤနည်း စနစ်ကို အသုံးပြု၍ စစ်ဆေးဆောင်ရွက်ရန် အစိုးရကညွှန်ကြားထားကြောင်းသိရှိရသည်။

အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ စာရင်းများအရ ၁၇.၆.၂၀၂၀ နေ့ နံနက် ၈ နာရီအချိန်အထိ နိုင်ငံတစ်ဝန်း၌ Covid-19 ဗိုင်းရပ်စ်ကူးစက်ခံရသည့် အတည်ပြုလူနာအရေအတွက်မှာ ၃၅၄၀၆၅ ဦးရှိပြီး မဟာရာရှ္ထနှင့်တမီနာဒူးပြည်နယ်များ၏ နောက်တွင် ဒေလီပြည်ထောင်စုနယ်မြေသည် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၄၆၈၈ ဦးဖြင့် တတိယအများဆုံးနေရာ၌ တည်ရှိနေကြောင်းတွေ့ရှိရပါသည်။

Source: 1. A renewed effort in Delhi, 15 Jun 2020, Hindustan Times

2. Kejriwal says no lockdown, labs to double down on tests, 16 Jun 2020, Economic Times

3. PM calls for emergency planning in Delhi, other worst hit centres, 14 Jun 2020, Business Standard

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## STOCK EXCHANGE (24.6.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 24th Jun. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,000 | 10,500 | 118 | 1,247,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,900 | +0 | +0.00% | 3,900 | 3,900 | 3,900 | 6,430 | 25,077,000 | 38,929,150 | 151,824 |
| MCB | 00003 | 8,200 | -100 | -1.20% | 8,200 | 8,200 | 8,200 | 1 | 8,200 | 10,400,986 | 85,288 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 22,500 | 22,000 | 1,295 | 29,112,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,750 | -50 | -1.79% | 2,750 | 2,750 | 2,750 | 4,800 | 13,200,000 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,650 | 569 | 1,511,300 | 19,977,223 | 53,939 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 457.12 | -1.13 | -0.25% | 457.82 | 457.82 | 448.01 | 13,213 | 70,156,000 | 6 | 680,176 |

**Index chart**




# Market Overview

As of 1:00 pm, 24th Jun. 2020

| MYANPIX | 457.12 ▼ 1.13 |
|---|---|
| Total Volume (shares) | 13,213 |
| Total Value (MMK) | 70 mil |
| Listed Company | 6 |
| Market Cap. (MMK) | 680,176 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,900 | ▲ 0 |
| MCB | 00003 | 8,200 | ▼ 100 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,750 | ▼ 50 |
| EFR | 00006 | 2,700 | ▲ 0 |